## Switzerland နိုင်ငံမှ ရွှံ့လူးပွဲတော်



Paleo ဆိုတာ Switzerland နိုင်ငံရဲ့ အကြီးဆုံး ဂီတပွဲတော်ကြီးတစ်ခု ဖြစ်ပါတယ် ။ New York မှာ ၁၉၆၉ မှစတင်ပြီး ကျောင်းသားတွေနဲ့ ပွဲတော်လာသူတွေဟာ နှစ် ၄၀ ပြည့် ဂီတပွဲတော်မှာ ရွှံ့တွေနဲ့ လူးခဲ့ခြင်းအားဖြင့် သူတို့ရဲ့ ပျော်ရွှင်မှုတွေကို ထုတ်ဖော်ပြသခဲ့ကြပါတယ် ။ ဒီအဖွဲ့အစည်းပွဲတော်ရဲ့ အဆိုအရ " ကမ္ဘာမြေပေါ်သို့ တဖန် " ဆိုတဲ့ခေါင်းစဉ်နဲ့အညီ စိတ်လှည့်စားမှု ဥာဏ်ကွန့်မြူးမှုနဲ့ ၁၀၀ ရာခိုင်နှုန်း ပြန်လည်အသုံးပြုမှု Recyclable တို့ကို ရည်ညွှန်းပါတယ် ။



ရွှံ့နွံဆိုတာ ဆေးပညာရည်ရွယ်ချက်တွေနဲ့ သုံးလေ့ရှိပေမယ့် ရရှိတဲ့ ကျန်းမာရေးအကျိုးကျေးဇူးတွေကိုတော့ သိပ္ပံနည်းအရ ထောက်ခံထားခြင်းမရှိသေးပါဘူး ။ ဒါပေမယ့် ဘယ်လိုခံစားရမယ်ဆိုတာကိုတော့ သင်သိပြီး ဖြစ်မှာပါ ။ ရွှံ့ဓါတ်ဟာ ဆို့နေတဲ့ ချွေးပေါက်တွေကို ကျယ်စေတဲ့နေရာမှာ အကူအညီပေးနိုင်ပါတယ်တဲ့ ။ ခန္ဓာကိုယ်က အဆိပ်အတောက်တွေကို ဖယ်ရှားတဲ့နေရာမှာ အကူအညီပေးပြီး ကြွက်သားနာတဲ့သူတွေနဲ့ အဆစ် အမြစ်နာတဲ့လူတွေဟာ

ဒီရွံ့ရေလူးခြင်းအားဖြင့် သက်သာစေပါတယ် ။













 ဒါကြောင့် သင့်ရဲ့ ခန္ဓာကိုယ်ကို ကုသဖို့ ဂီတပွဲတော်ကိုခံစားဖို့နဲ့ ရွှံ့တွေနဲ့လူးနေတဲ့အလှအပကို သင်ခံစားနိုင်ဖို့ အလည်တခေါက်သွားရောက်ကြဖို့ တိုက်တွန်းလိုက်ပါတယ် ။

သက်တန့်ရှို
17 May 2010